# ဖြောင့်မတ်ခြင်းတရား (ဖြောင့်မတ်ရာသို့ရောက်ခြင်း)

## JUSTIFICATION

***နိဒါန်း*** - ဤသင်ခန်းစာတွင် ကျွန်တော်တို့ဘုရားသခင်၏ နှုတ်ကပတ်တော်မှ " ***ဖြောင့်မတ်ခြင်းတရား*** "ကို လေ့လာပြီး ယင်းနှင့်ပတ်သက်၍ ရှင်းလင်းခြင်းနှင့်ဆက်စပ်နေသော အခြားအကြောင်းအရာများကိုလည်း လေ့လာကြပါမည်။ အသင်းတော်ပြုပြင်ပြောင်းလဲရေးမှတစ်ဆင့် သက်ဆင်းလာသော ကျွန်တော်တို့ ***လူသာရင် အသင်းတော်***သည် ***ဖြောင့်မတ်ခြင်းတရား*** ကိုသိကျွမ်းမှုများသည့်အပြင် ကျွန်တော်တို့၏အသင်းတော်ဝန်ခံချက်၏ ဗဟိုအချက်အခြာလည်းဖြစ်ပါသည်။ ***ဖြောင့်မတ်ခြင်းတရား*** သည် ကျွန်တော်တို့၏ အဓိကသွန်သင်ချက်လည်း ဖြစ်ပါသည်။ ဘုရားသခင်သည် အသင်းတော်ပြုပြင်ပြောင်းလဲရေးမှတစ်ဆင့် လှုပခန့်ညားပြီး ရှင်းလင်းလျှက်ရှိနေသော ဤသွန်သင်ချက်ကို နှုတ်ကပတ်တော်အားဖြင့် ပြန်လည်ပေးအပ်ခဲ့ပါသည်။ အသင်းတော်၏ ***ဩဂစဘတ် ဝန်ခံချက်(၁၅၃၀)ခုနှစ်*** တွင် အောက်ပါအတိုင်း ဖေါ်ပြထားပါသည်။

***ကျွန်တော်တို့ယုံကြည်သောခါ . . . . . အပြစ်လွတ်ခြင်းကို ခံစားရရှိကြသည် . . . . .*** ယင်းမှာ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့၏ အပြစ်များ ခွင့်လွှတ်ခြင်းခံရပါသည်။ လွန်ခဲ့သော (၇၅)နှစ်က အမေရိက လူသာရင် အသင်းတော်သည် ဖြောင့်မတ်ခြင်းတရားနှင့်ပတ်သက်၍ အလွန်ကောင်းမွန်သော ဝန်ခံချက်အကျဉ်းတစ်ခုကို ထုတ်ပြန်နိုင်ခဲ့ပါသည်။

***၁၇.*** သန့်ရှင်းသော နှုတ်ကပတ်၏ သွန်သင်ချက်အားလုံးတို့သည် လောကအပြစ်သားများကို ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဖော်ပြထားပါသည်။ သခင်ခရစ်တော်ဆောင်ကျဉ်းပေးသော ကယ်တင်ခြင်းနှင့် သခင်ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာ ကယ်တင်ခြင်းရရှိခြင်းတို့သည် ***ဖြောင့်မတ်ခြင်းတရားတော်***ပေါ်တွင်သာ တည်ရှိနေပါသည်။ နှုတ်ကပတ်တော်သွန်သင်သည်မှာ ဘုရားသခင်သည် လောကတစ်ခုလုံးကို ခရစ်တော်အားဖြင့် ဖြောင့်မတ်စေခြင်းပင်တည်။ ***ရောမ (၅း၁၉၊ ၂ ကော ၅း၁၈-၂၁၊ ရောမ ၄း၂၅)။*** ယင်းသို့ဖြောင့်မတ်ရာသို့ ရောက်ရှိစေရန် ကောင်းသောအလုပ် (အကျင့်)အားဖြင့် မဟုတ် ပညတ်တရား၏ သွန်သင်ချက်ကြောင့်မဟုတ်ပဲ သခင်ခရစ်တော်၏ လုပ်ဆောင်ချက်ကြောင့် ကျေးဇူးတော်အားဖြင့် ဘုရားသခင်သည် ***ဖြောင့်မတ်သူ***အဖြစ် မှတ်ယူပါသည်။ သခင်ခရစ်တော်ကို ယုံကြည်လက်ခံပြီး ကိုယ်တော်၌တည်နေသော သူတို့၏ အပြစ်များခွင့်လွှတ်ပယ်ဖျက်ခြင်း ခံရပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ရှင်ပေါလုအားဖြင့် သက်သေခံသည်မှာ " ***ခြားနားခြင်းအလျင်းမရှိ။ အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ*** " ဟူ၍ ဖြစ်ပါသည်။ ***ရောမ (၃း၂၃-၂၄)။*** ထပ်မံ၍ " ***ထို့ကြောင့် လူမည်သည်ကား ပညတ်တရား၏အကျင့်မရှိဘဲ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်တတ်သည်ဟု ယူရ၏*** " ***ရောမ (၃း၂၈)*** တွင် ဖေါ်ပြထား ဖြစ်ပါသည်။

***၁၈.*** ဤအခြေခံယုံကြည်ချက် (ဖြောင့်မတ်ခြင်းတရား)အားဖြင့် သိရှိရသည်မှာ ခရစ်တော်၏သန့်ရှင်းစင်ကြယ်သော အသက်ရှင်မှု အပြစ်ကင်းစင်လျှက်ပင် ခံစားရသော ဝေဒနာနှင့်သေခြင်းအားဖြင့် ဘုရားသခင်သည် ကိုယ်တော်အား ချီးမြှင့်မြောက်စားခဲ့ရာ ကိုယ်တော်သည် ***ကျွန်ုပ်တို့၏ ကယ်တင်ရှင်***ဖြစ်ပါသည်။ ဤအခြေခံယုံကြည်(ဖြောင့်မတ်ခြင်းတရား) အားဖြင့်သာ အပြစ်တရားထဲတွင် နစ်မွန်းနေသော သနားစရာအပြစ်သားများသည် ဘုရားသခင်ထံမှ ဂရုဏာတော်နှင့် နှစ်သိမ့်မှုများကို ရယူနိုင်ပါမည်။ ကျွန်ုပ်တို့သည် လူတို့၏ ကိုယ်တိုင်ကျင့်ဆောင်သော အလုပ်နှင့်ကောင်းမှု၊ ကောင်းကျိုး(ကုသိုလ်)အားဖြင့် ဖြောင့်မတ်ခြင်းတရားကို ရယူနိုင်သည်ဟူသော ဖေါက်ပြန်သော သွန်သင်ချက်များကို လက်မခံပါ။ ကျွန်ုပ်တို့၏ ခရစ်ယာန်အသင်းတော်၏ သွန်သင်ချက်မှာ အပြစ်ခွင့်လွှတ်ခံရခြင်းနှင့် ကယ်တင်ခြင်းတို့သည်

***၁၉.*** ကျွန်ုပ်တို့သည် သုံးပါးတဆူမဟုတ်ဟု ဆိုသူများ မိမိ၏ကောင်းမွန်သော အလုပ်အားဖြင့် ဖြောင့်မတ်ခြင်း ရရှိမည်ဟု လက်ခံသူများ ကယ်တင်ခြင်းရရှိရန် ဘုရားသခင်နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရမည်ဟု သွန်သင်ချက်များကို လက်မခံငြင်းပယ်ပါသည်။

သခင်ယေရှုသည် လက်ဝါးကပ်တိုင်တော်တွင် လောက၏အပြစ်များအတွက် စုတေခံရခြင်း၏ ရည်ရွယ်ရင်း အလုံးစုံနှင့်အထွေထွေ ဖြောင့်မတ်ခြင်းတရားတို့ကို ထင်ဟပ်ရှုမြင်လာရပါသည်။ ဤစကားလုံး(၃)ခု၏ ရှင်းလင်းချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ရည်ရွယ်ရင်းအကျိုး ဆိုသည်မှာ လူစုတစ်စုအတွက်သာ မဟုတ်ပဲ ပိတ်ပင်ထားခြင်းမရှိဟု ဆိုလိုပါသည်။ အလုံးစုံနှင့် အထွေထွေဆိုသည်မှာ အားလုံးအတွက်ဖြစ်ပြီး တစ်ချို့အတွက် သီးသန့်မဟုတ်ပါ။

ဖြောင့်မတ်ခြင်းတရားကို ယုံကြည်ခြင်းနှင့်တွဲလျှက်သုံးသောအခါတွင် တစ်ဦးစီ၏ ဖြောင့်မတ်ခြင်းတရား(သို့) သီးသန့်ဖြောင့်မတ်ခြင်းတရား ဟူ၍ ခေါ်ဆိုပါသည်။ဤအယူအဆမှာ ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် လူတစ်ဦးချင်းစီအတွက် ပေးဆပ်မှုမှပေါ်လာခြင်း ဖြစ်ပါသည်။

သီးသန့်ဖြောင့်မတ်ခြင်းတရား ဆိုသည်မှာ- သခင်ခရစ်တော်၏ အပြစ်လွတ်ခြင်းသည် အဆိုပါအပြစ်သားအပေါ် သက်ရောက်ပြီး ယင်းအပြစ်လွတ်ခြင်းကို စတင်ပိုင်ဆိုင်နိုင်ခွင့်ရရှိခြင်းကို ဆိုလိုပါသည်။ ကာရနီကုန်းတော်မှ အောင်မြင်စွာ ရယူထားသော အပြစ်လွတ်ခွင့်ကို ယုံကြည်ခြင်းရရှိ လက်ခံ၍ ရယူပိုင်ဆိုင်နိုင်ပြီး ဖြစ်ပါသည်။

***ဘုရားသခင်၏ နှလုံးသား*** - ဤသို့ဆိုလျှင် အဆုံးတစ်ခုတွင် တစ်ချို့ကယ်တင်ခံရပြီး တစ်ချို့မရရှိကြသနည်း ဟူသော မေးခွန်းပေါ်လာပါသည်။ အဖြေမှာ ရှင်းပါသည်။ ဘုရားသခင်သည် ကယ်တင်လျှက်ရှိနေသော်လည်း လူတွင် ငြင်းပယ်ပိုင်ခွင့်ရှိနေခြင်းကြောင့်ဟူ၍ ဖြေဆိုရပါမည်။ ထို့ပြင် ယင်းအကြောင်းအရာသည် ကျွန်တော်တို့၏ ဆင်ခြင်တုံတရား၏ အထက်တွင်ရှိနေပြီး နှုတ်ကပတ်တော်၏ သွန်သင်ချက်ကို ယုံကြည်ခြင်းဖြင့် လက်ခံရန် လိုအပ်ပါသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ရှင်းလင်းသိသာပြီး ဖုံးကွယ်ထားခြင်းမရှိပါ။ ဘုရားသခင်သည် လူသားအားလုံး သမ္မာတရားကိုသိရှိပြီး ကယ်တင်ခြင်းရရှိရန် အလိုရှိနေပါသည်။ ***၁တိ ၂ း ၄ မည်သူတစ်ဦးကိုမျှ ပျက်စီးစေရန် အလိုတော်မရှိသကဲ့သို့ အားလုံးကို နောင်တ တရားရရှိစေရန် အလိုရှိနေပါသည်။ ၂ပေ ၃ း ၉ ဘုရားသခင်သည် လူသားများ မည်သည့်နေရာတွင် ရှိနေသည်ဖြစ်စေ နောင်တရစေရန် အလိုတော် ရှိနေပါသည်။ တမန် ၁၇ း ၃၀ သားတော်၏ ကရာနီကုန်းတောင်ပေါ်မှ ပြီးစီးပြည့်စုံမှုကို ကြည့်ရှုရန် အလိုရှိပါသည်။*** ယခုကျွန်တော်တို့ ရည်ရွယ်ရင်း ဖြောင့်မတ်ခြင်းတရားနှင့် ကိုယ်သာပဓာန ဖြောင့်မတ်ခြင်းတရားကို လေ့လာရာတွင် ဥပမာရှင်းလင်းချက်များဖြင့် ဘုရားသခင်၏ ကြီးမားသော သွန်သင်ချက်ကို ရှင်းလင်း တင်ပြပါမည်။

လူတစ်ဦးသည် သေဒဏ်အပြစ်ကျခံထားရပါသည်။ သူက အမှန်တကယ် အပြစ်ကျူးလွန်ထားသဖြင့် သေဒဏ်ခံထားရခြင်း ဖြစ်ပါသည်။ ဘုရင်ခံချုပ်တွင် သေဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သော အာဏာရှိ၍ ယင်းလူကို လွတ်ငြိမ်းခွင့်ပေးလိုက်ပါသည်။ သို့သော် ယင်းလွတ်ငြိမ်းခွင့်အမိန့်သည် အကျဉ်းသားရှိရာ အကျဉ်းထောင်သို့ မရောက်မခြင်း မည်သည့် အကျိုးကိုမျှ ယင်းအကျဉ်းသားခံစားရမည် မဟုတ်ပါ။ ထို့အတူပင် ဘုရားသခင်သည် ကျွန်တော်တို့ ပြုမူခဲ့သော အပြစ် ဒုစရိုက်များအတွက် ခံရမည့်ပြင်းထန်သော ပြစ်ဒဏ်၊ ထာဝရသေခြင်းနှင့် မီးအိုင်ထဲတွင် ခံစားရမည့်ပြစ်ဒဏ်များကို အလုံးစုံခွင့်လွှတ်ပေးခဲ့ပါသည်။ ယင်းကယ်တင်ခြင်းသတင်းသည် အပြစ်ဒုစရိုက်သားဖြစ်သော ကျွန်တော်ထံရောက်လာပြီး ကျွန်တော်လက်ခံရရှိပါသည်။ ယင်းသည် ဘုရားသခင်၏ မျက်နှာသာ အခွင့်ပေးခြင်း သက်သက်သာဖြစ်ပြီး ကျွန်တော်မှ အခမဲ့ လက်ခံရရှိပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏လမ်းပြမှုဖြင့် ယုံကြည်ခွင့်ရပြီး သေဒဏ်ကျခံရခြင်းမှ လွတ်ခြင်း

***ရည်ရွယ်ရင်း ဖြောင့်မတ်ခြင်းတရား ကျမ်းချက်များ***

ယင်းသွန်သင်ချက်ကို ဓမ္မဟောင်းကျမ်းတွင်လည်း ဖော်ပြထားပါသည်။ ဘုရားသခင်၏ကျေးဇူး ဂရုဏာတော်သည် သူ၏ လူမျိုးတော်တို့၏အပြစ်များကို ခွင့်လွှတ်ခဲ့ကြောင်း တွေ့ရှိပါသည်။ ***ဟေရှာ ၄၃ း ၂၅၊ ၄၄ း ၂၂၊ ယေရမိ ၃၁ း ၃၄၊ ဆာလံ ၃၂ း ၅၊***

***ယောဟန် ၁ း ၂၉ တလောကလုံး၏ အပြစ်ကို ယူဆောင်သော သိုးသူငယ်ကို ကြည့်ကြလော့။*** ဗတ္တိဇံဆရာယောဟန်သည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သခင်ယေရှုကို တိုက်ရိုက်ညွှန်ပြပြီး ကာရနီကုန်းပေါ်တွင် ယုဒလူများအတွက်သက်သက်မဟုတ်ပဲ တလောကလုံးရှိ လူသားများအားလုံးအတွက် ပေးဆပ်လုပ်ဆောင်လိမ့်မည်ဟု ဆိုခဲ့ပါသည်။

***တိတု ၂ း ၁၁ လူသားအားလုံး ကယ်တင်ခြင်းရရှိစေရန် ဘုရားသခင်၏ ဂရုဏာကျေးဇူးတော် ပေါ်ထွန်းခဲ့ပါသည်။*** ကရေတေကျွန်းတွင် အမှုဆောင်နေသော တိတုကို ကျွန်းပေါ်ရှိလူများအားလုံး ယုဒလူဖြစ်စေ တပါးအမျိုးသားဖြစ်စေ ကယ်တင်ခြင်း စိတ်ချမှုရှိစေရန် ရှင်ပေါလုသည် မှာကြားခဲ့ပါသည်။

***ဟေဗြဲ ၂ း ၉ သခင်ယေရှုကို ရှုမြင်ပါ။ ခေတ္တအားဖြင့် ကောင်းကင်တမန်များ အောက်သို့နိမ့်ချစွာထားခဲ့သော်လည်း သေခြင်းဝေဒနာခံစားပြီးနောက်တွင် ခေါင်းတော်တွင် ဘုန်းအသရေတော် ပတ်ရစ်လျက် ချီးမြှောက်ခဲ့ပါသည်။*** ယင်းကဲ့သို့ပင် သေခြင်းတရားနှင့် တွေ့ဆုံသူတိုင်းကို ဘုရားသခင်၏ကျေးဇူးတော်သည် ရစ်ပတ်မည်ဖြစ်ပါသည်။

ဤစာစောင်ကိုရေးသားသူသည် ရောမမြို့ရှိ ခရစ်ယာန်ယုဒလူများကို ရည်ညွှန်းပြီး သခင်ခရစ်တော်သည် သူတို့၏ ကယ်တင်ရှင်ဖြစ်ကြောင်းကို သိရှိနိုင်ရန်နှင့် လူများစုဖြစ်သော တပါးအမျိုးသားများအတွက်လည်း သခင်ခရစ်တော်ကို သိကျွမ်းခြင်းပညာရှိစေရန် တွန်းအားပေးခဲ့ပါသည်။

***၁ပေ ၃ း ၁၈ သခင်ခရစ်တော်တည်းဟူသော ဖြောင့်မတ်သောသူသည် မဖြောင့်မတ်သောသူများအတွက် တစ်ခါတည်း သေခံတော်မူသည်။*** ရှင်ပေတရုသည် သခင်ခရစ်တော် ကာရနီကုန်းတွင် အသေခံတော်မူခြင်းသည် ယုဒခရစ်ယာန်များအတွက်သာမကပဲ မဖြောင့်မတ်သောသူအားလုံးအတွက် ဖြစ်ကြောင်း အာမခံချက်ပေးခဲ့ပါသည်။ ဆိုလိုသည်မှာ လူအားလုံးအတွက် ဖြစ်ပါသည်။

***ဟေဗြဲ ၇ း ၂၇ ယဇ်ပုရောဟိတ်မင်းများ လိုအပ်ချက်ရှိသကဲ့သို့ ကိုယ်တော်၌မရှိပါ။ နေ့စဉ်ယဇ်ပူဇော်ခြင်းများ၊ မိမိအပြစ်အတွက် ပူဇော်ခြင်း၊ လူအများအတွက် ပူဇော်ခြင်းမျိုးမရှိပါ။ ကိုယ်တော်သည် တစ်ကြိမ်တစ်ခါတည်း မိမိကိုယ်ကို ပူဇော်ခဲ့ပါသည်။*** ကိုယ်တော်၏ပူဇော်ခြင်းသည် တစ်ကမ္ဘာလုံးနှင့်ဆိုင်သော ပူဇော်ခြင်းဖြစ်ပါသည်။

***၂ကော ၅ း ၁၄-၁၅ သခင်ခရစ်တော်၏ချစ်ခြင်းသည် ကျွန်တော်တို့ကို ထိန်းချုပ်ထားပါသည်။ အဘယ့်ကြောင့်ဆိုသော အားလုံးသောသူများအတွက် တစ်ဦးသောသူက အသေခံခြင်းသည် ထင်ရှားစွာရှိနေ၍ ဖြစ်ပါသည်။*** ဤကျမ်းစောင်သည် ဒုစရိုက်အမှုများနှင့်ပြည့်နေသော ကောရိန္တုမြို့တွင် နေထိုင်သော သူများအတွက်ဖြစ်သော်လည်း ကာရနီကုန်းပေါ်မှ လက်ဝါးကပ်တိုင်ကို အခြေပြုထားခြင်းဖြစ်သဖြင့် အချိန်တိုင်း လူမျိုးအဆက်ဆက်တိုင်းအတွက် ကိုယ်တော်၏ လုပ်ဆောင်ချက်ပင် ဖြစ်ပါသည်။

***ရောမ ၄ း ၂၅ ကိုယ်တော်သည် ကျွန်တော်တို့၏ အပြစ်ကြောင့်အပ်နှံခြင်းခံရပြီး ကျွန်တော်တို့၏ ဖြောင့်မတ်ခြင်းအတွက် ထမြောက်တော်မူပါသည်။*** ဤကျမ်းစာချက်သည် ထာဝရတည်မြဲသော ဧဝံဂေလိတရားတော် ဖြစ်ကြောင်း ဖတ်ရှုသူတိုင်း သိရှိပါသည်။ ဤကျမ်းစာချက်ပါ " ***ဖြောင့်မတ်ခြင်း*** " ဟူသောစကားသည် ကာရနီတောင်ပေါ်မှ

အောင်မြင်စွာ ရရှိခဲ့သော ***ကယ်တင်ခြင်းနှင့် ပွင့်လျှက် ဘာမှမရှိသောသချိုင်းဂူ***တို့၏ သက်သေပင်ဖြစ်သည်။ ဤကျမ်းစာချက်မှစ၍ ရောမဩဝါဒစာစောင်တွင် ပိုမိုလေ့လာရန် လိုအပ်ပါသည်။

***ရောမ ၅ း ၁၈ တစ်ယောက်သောသူ၏ အပြစ်ပြုခြင်းကြောင့် လူအပေါင်းတို့ အပြစ်စီရင်ခြင်း ခံရသကဲ့သို့ တစ်ယောက်သောသူ၏ ဖြောင့်မတ်ခြင်းအားဖြင့် လူအပေါင်းတို့အသက်နှင့်ယှဉ်ရသော ဖြောင့်မတ်ခြင်းကို ရရှိကြသည်။*** လူသားအားလုံးတို့သည် အပြစ်သားများဖြစ်ကြပြီး မိမိတို့၏အပြစ်အတွက် အပြစ်စီရင်ခြင်း ခံရပါမည်။ သို့သော် တစ်ဦးတစ်ယောက်၏ လုပ်ဆောင်မှုကြောင့် လူအားလုံးတို့သည် ဖြောင့်မတ်ခြင်းကို ကြော်ငြာနိုင်ခွင့်ရကြသည်။ ***"သင်၏အပြစ်များကို ခွင့်လွှတ်ပါ၏"***ဟု ကျွန်တော်တို့ ဝင့်ကြွားစွာ ပြောဆိုနိုင်ပါပြီ။ အချိန်တိုင်းတွင် ကျွန်တော်တို့ ကိုယ်တော်၏ ကာရနီကုန်းမှ လုပ်ဆောင်ချက်များကို ဗဟိုပြုရပါမည်။

လူတစ်ဦးသည် မိမိ၏ငွေများဆုံးရှုံးပြီး ကြီးမားသောအကြွေးတင်နေပါသည်။ သူဌေးတစ်ဦးသည် သူ၏ပိုင်ဆိုင်သမျှ အားလုံးကို အကြွေးတင်နေသော ဆင်းရဲသားကိုပေးမည်ဟု သေတမ်းစာရေးထားပါသည်။ သို့သော် ဆင်းရဲသားထံ သူဌေး၏ပိုင်ဆိုင်မှုများ မရောက်ရှိပါက မည်သည့်အကျိုးကိုမှ ဆင်းရဲသားသည် ခံစားရမည်မဟုတ်ပါ။ ကျွန်တော်တို့၏ သခင်ယေရှုသည် သူဌေးနှင့်တူသည်။ မိမိကိုယ်ကျိုးမပါဘဲ လူသားအားလုံးအတွက် စွန့်လွှတ်ပြီး ရရှိခဲ့သော အောင်မြင်ခြင်းကို တစ်ယောက်စီတိုင်းထံ ပို့နေပါသည်။ ဖြောင့်မတ်ခြင်းသည် ယုံကြည်ခြင်းအားဖြင့် ဆင်းသက်ပါသည်။ လွှဲပြောင်းပေးသော ငွေဥစ္စာသည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပါသည်။ ကိုယ်တော်သည် ကျွန်တော်တို့၏ ရပိုင်ခွင့်ဖြစ်သော ဥစ္စာတည်းဟူသော ယုံကြည်ခြင်းကို ကြွယ်ဝဖြင့် ပေးအပ်လျှက်ရှိပါသည်။

***ရောမ ၈ း ၃၂ မိမိသားတော်ရင်းကို မနှမြောဘဲ ငါတို့ရှိသမျှအဖို့အလိုငှာ စွန့်တော်မူသောသူသည် သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့နေတော်မူမည်နည်း။*** ဤကျမ်းချက်ကို တစ်ချို့သူတို့သည် ကိုးကား၍ သခင်ခရစ်တော်၏လောကအတွက် အသက်စွန့်ခြင်းမှာ ကိုယ်တော်ကို ယုံကြည်သူများ အတွက်သာ ဖြစ်သည်ဟု သွန်သင်ကြပါသည်။ သို့ရာတွင် ဦးခေါင်းခွံအရပ်ရှိ ကုန်းတော်ပေါ်တွင် သခင်ယေရှု လုပ်ဆောင်ခဲ့သောအရာတို့ကို ဖော်ပြထားသော ကျမ်းချက်များအရ ဤအချက်မှားယွင်းသည်ကို တွေ့ရှိရပါမည်။

***ရောမ ၁၁ း ၃၂ ဘုရားသခင်သည် လူအပေါင်းတို့ကို သနားတော်မူခြင်း အခွင့်ရှိစေခြင်းငှာ လူအပေါင်းတို့ကို နာမထောင်ခြင်းအဖြစ်၌ ချုပ်ထားတော်မူ၏။*** ဤကျမ်းချက်တွင် ***"အလူအပေါင်း"***ဟူ၍ (၂)ကြိမ်ဖော်ပြထားပါသည်။ ဤအချက်အားဖြင့် လက်ဝါးကပ်တိုင်ပေါ်မှအပြစ်ဖြေလွှတ်ခြင်းသည် မည်သည့်အတားအဆီးမရှိ ကန့်သတ်ချက်မရှိကြောင်း တွေ့ရပါမည်။

ဤဖြောင့်မတ်ခြင်းတရားနှင့်စပ်လျဉ်း၍ အနှစ်သက်ဆုံး ကျမ်းချက်များရှိလျှင် ဖော်ပြပေးပါ။

***ကိုယ်သာပဓာနကျသော (သို့) မိမိ၏ကောင်းကျိုး ကုသိုလ် နှင့် အကျင့်ဖြင့်ရသော ဖြောင့်မတ်ခြင်းတရား။***

ယုံကြည်ခြင်းသည် လက်ဖြစ်ပြီး အပြစ်ခွင့်လွှတ်ခြင်းကို လက်ခံသည်။ မလွဲမှားသောအရာတစ်ခုမှာ စာတန်သည် လူကိုလှည့်စား၍ ယုံကြည်ခြင်းသည် လူ၏ထိုက်တန်မှု၊ ကုသိုလ်ကောင်းမှုတို့သည်လည်း ပါဝင်သည်ဟုဆိုလျှက် လူ၏လုပ်ဆောင်မှုတစ်ချို့ကို ထည့်သွင်းလာကြသည်။ လူတွင်ယုံကြည်ခြင်းရှိစေရန် မျိုးစေ့ပျိုးခြင်းနှင့် နှိုးဆော်ပေးခြင်းသည် ဘုရားသခင်၏တန်ခိုးပင် ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်မပါဝင်လျှင် မည်သူမျှ သခင်ယေရှုကို သခင်ဟုမခေါ်ဆိုနိုင်ပါ။ ***၁ကော ၁၂ း ၃*** အကယ်၍ ကျွန်တော်၏ယုံကြည်ခြင်းသည် ကောင်းသောအလုပ် (သို့)ကောင်းမှုကောင်းကျိုးနှင့် ကုသိုလ်တစ်ချို့ ပါဝင်နေလျှင် ယုံကြည်ခြင်း အမှန်စစ်စစ် မဖြစ်နိုင်ပါ။ ကျွန်တော်၏ ***အခြေအနေ***ကို ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားသည် ခွင့်မပြုပါ။ ကျွန်တော်သည် ကျွန်တော်၏ အခြေအနေ၏အပြင်မှ အကူအညီလိုအပ်ပါသည်။ ***ဘုရားသခင်*** ဖြစ်ပါသည်။

ဓမ္မဟောင်းကျမ်းစာတွင်လည်း ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ခြင်းတရားသည် ကျွန်တော်တို့တွင် တည်သည်ဟု ဖော်ပြထားပါသည်။ ***ဟာခရိ ၃ း ၄ ၊ ယေရမိ ၂၃ း ၆၊ ကမ္ဘာဦး ၁၅ း ၆။***

ကျွန်တော်တို့ကောင်းကင်ကိုကြည့်ပါက တိမ်တိုက်များစွာကို တွေ့မြင်နိုင်ပါသည်။ ယင်းတိမ်တိုက်များတို့သည် ကမ္ဘာမြေကြီးဖွံ့ဖြိုးတိုးတက် ကြီးပွားစေရန်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရန်အတွက် အလွန်အရေးကြီးသော ရေများဖြစ်ပါသည်။ ယင်းတိမ်တိုက်တွင် ပါဝင်သော ရေအစိုင်အခဲများ၊ မိုးရေများနှင့်စိုစွတ်သောအရာတို့ မဖြစ်ပေါ်သမျှ ကျွန်တော်တို့အတွက် ဘာမှကောင်းကျိုးမရှိပါ။ မိုးသည်မြေပေါ်သို့ ကျွန်တော်တို့၏ အကူအညီမပါဘဲ ရွာလာသည်။ မြေကြီးသည် စွတ်စိုမှုကို လက်ခံသည်။ ယုံကြည်ခြင်းဆိုသည်မှာလည်း မြေကြီးကဲ့သို့ ကောင်းကင်မှ လူသားအားလုံးအတွက် အောင်ပွဲခံ ကောင်းကြီးမင်္ဂလာကို ချပေးခြင်း ဖြစ်ပါသည်။ တိမ်တိုက်များကဲ့သို့ အထက်အရပ်တွင် တည်ရှိပြီး အားလုံးပေါ်သို့ ပေးဝေသွန်းလောင်းနေပါသည်။

***ယောဟန် ၃ း ၃၆ သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။*** သခင်ယေရှုသည် ဤအချက်ကို ထပ်ခါထပ်ခါ ပွဲတင်သံကဲ့သို့ မိန့်တော်မူခဲ့ပါသည်။

***တမန် ၁၀ း ၄၃ ထိုသခင်ကို ယုံကြည်သောသူရှိသမျှတို့သည် နာမတော်အားဖြင့် အပြစ်လွတ်တော်မူခြင်း ကျေးဇူးကို ခံရကြလတ့်ဟူ၍ ပရောဖက်အပေါင်းတို့သည် ထိုသခင်၏ သက်သေခံဖြစ်ကြသည်ဟု . . . . .*** အသင်းတော်သည် နေရာအနှံ့သွားလျှက် အောင်မြင်စွာ ပိုင်ဆိုင်ထားပြီးသော အပြစ်ဖြေလွတ်ခွင့်ကို ယုံကြည်ခြင်းအားဖြင့် ရရှိနိုင်ကြောင်း ဝေငှခဲ့ကြပါသည်။

***ဧဖက် ၁ း ၇-၈ ခပ်သိမ်းသော သတိပညာတော်နှင့်လျော်စွာ ငါတို့၌အတိုင်းအထက်အလွန်များလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏။*** ဘုရားခင်၏ကျေးဇူးဂရုဏာတော်သည် အတိုင်းအစမရှိစွာ ကြွယ်ဝပါသည်။ ကျွန်တော်တို့၏ လိုအပ်ချက်ထက်ပိုပါသည်။ မိုးသည် ကျွန်တော်တို့ပေါ်သို့ ရွာသွန်းပြီး ကျွန်တော်တို့ ကြွယ်ဝလာကြသည်နှင့် တူပါသည်။

***ဧဖက် ၁ း ၁၉ ယုံကြည်သောငါတို့၌ ပြုတော်မူသော အလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက် ကြီးသည်ကို လည်းကောင်း၊ သင်တို့သိစေခြင်းငှာ၊ သင်တို့၏ ဉာဏ်မျက်စိကို လင်းစေမည်အကြောင်း ဆုတောင်းပဌနာပြု၏။*** တန်ခိုးသည် ဘုရားသခင်ထံမှ ဖြစ်ပေါ်၏။ ယုံကြည်ခြင်းသည် ကျွန်တော်တို့အတွင်းတွင် ဘုရားသခင်၏ လုပ်ဆောင်ချက်ပင် ဖြစ်ပါသည်။

***၁ကော ၆ း ၁၁ အထက်က သင်တို့တွင် အချို့သောသူတို့သည် ထိုသို့သောသူဖြစ်ကြသော်လည်း၊ ယခုတွင် ယေရှုခရစ်၏ နာမတော်အားဖြင့်လည်းကောင်း ငါတို့ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် လည်းကောင်း ဆေးကြော သန့်ရှင်း၍ ဖြောင့်မတ်ရာသို့ ရောက်ကြပြီ။*** သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်တော်၏အတွင်းတွင် ယုံကြည်ခြင်းကို ပျိုးထောင်ဖန်တီးပေးသောအခါ အပြစ်ခွင့်လွတ်ခြင်းသည် ကျွန်တော်၏ပိုင်ဆိုင်မှုဖြစ်လာပါသည်။ ဤအရာအားလုံးတို့သည် ဘုရားသခင်နှင့် ဘုန်းဂုဏ်တော်ကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့ ဘုရားသခင်ရှေ့တော်တွင် ပျောက်ဆုံးသောသူများ ဖြစ်ခဲ့သော်လည်း ယခု ဘုရားသခင် ရှာတွေ့ခဲ့ပြီး ဖြစ်ပါသည်။

***တိတု ၃ း ၇ အကြောင်းမူကား ငါတို့သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်၍ ထာဝရအသက်ကို မျှော်လင့်သည်နှင့်အညီ အမွေခံဖြစ်မည်အကြောင်းတည်း။*** ကျေးဇူးတော်သည် ယုံကြည်ခြင်းအားဖြင့် ကျွန်တော်တို့ကို ကယ်တင်ခြင်း ပေးအပ်ပါသည်။

***ဧဖက် ၂ း ၈-၉*** ယုံကြည်ခြင်းသည် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာရရှိစေသော လမ်းကြောင်းဖြစ်သည်။

***ဖိ ၃ း ၈-၉ ထိုမျှမက ငါ၏သခင်ယေရှုကို သိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကို ထောက်၍ . . . . . ပညတ်တရားဖြင့်ရသော ကိုယ်ဖြောင့်မတ်ခြင်းကို မကိုးစားဘဲ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်ရသော ဖြောင့်မတ်ခြင်းတည်းဟူသော ယုံကြည်ခြင်းအတွက်ကြောင့် ဘုရားသခင်ပေးတော်မူသော ဖြောင့်မတ်ခြင်းကို ကိုးစားသဖြင့် . . . . .*** ဤထက်ပို၍ ရှင်းလင်းရန် လိုအပ်မည်မထင်ပါ။ ယုံကြည်ခြင်းသည်သာ ဘုရားသခင်၏ကျေးဇူးတော်ကို ရရှိနိုင်သော လမ်းကြောင်းတစ်ရပ်ဖြစ်ပါသည်။ ယုံကြည်ခြင်းသည် သခင်ယေရှု၌တည်၏။ ဤသည်သာ သခင်ခရစ်တော်ကို ယုံကြည်ခြင်း၏ အကြောင်းအရင်းဖြစ်ပြီး ယင်းကြောင့် ကျွန်တော်တို့သည် တန်ဖိုးရှိသောသူများ ဖြစ်လာပါသည်။ ကျွန်တော်တို့၏ ကြိုးစားအားထုတ်မှု(သို့)အလိုဆန္ဒကြောင့် မဟုတ်ပါ။ ဖြောင့်မတ်မှန်ကန်ခြင်းသည် ယုံကြည်ခြင်းပေါ်၌ တည်ရှိပါသည်။ အကယ်၍ ယုံကြည်ခြင်းမရှိလျှင် ဖြောင့်မတ်မှန်ကန်ခြင်းသည် မဖြစ်ပေါ်လာနိုင်ပါ။

***ဟေဗြဲ ၁၁ း၇ နောသည် . . . . . ယုံကြည်ခြင်းနှင့်ယှဉ်သော ဖြောင့်မတ်ခြင်းကိုလည်း အမွေခံရ၏။***

လူတစ်ဦးသည် သေတမ်းစာရေးပြီးနောက် ကွယ်လွန်သွားပါသည်။ ယင်းသေတမ်းစာတွင် ထိုက်တန်သောသူကို သူ၏အမွေများပေးအပ်ရန် ညွှန်ကြားထားပါသည်။ သို့သော် သေတမ်းစာ၏နောက်ဆက်တွဲတွင် သူပေးထားသောသူ မထိုက်တန်ပါက နောက်တစ်ဦးကို ပေးအပ်ရန် ညွှန်ကြားထားပါသည်။ အမွေခံထိုက်သောသူသည် အမွေရရှိကြောင်း အသိပေးအကြောင်းစာ ရရှိမှသာလျှင် အမွေရရှိကြောင်း သိရှိနိုင်ပါလိမ့်မည်။ ဘုရားသခင်သည် တစ်ပါး အမျိုးသားများအတွက် ပဋိညာဉ်ဂတိတော်ကို အံ့သြဖွယ်ရာဆောင်ယူပေးခဲ့ပါသည်။ သခင်ခရစ်တော်၏ သေခြင်းအားဖြင့် ကောင်းကင်ဆိုင်ရာ ချမ်းသာကြွယ်ဝမှုကို အမွေပေးအပ်ခဲ့ပါသည်။ ကောင်းကျိုးချမ်းသာထဲသို့ ဝင်ရောက်ခွင့်ရှိသော အပြစ်ဒုစရိုက်မှ ဖြေလွတ်ခွင့်ကို ဦးစွာပေးထားပါသည်။ ကျွန်တော်တို့ ***ဧဝံဂေလိတရား*** တည်းဟူသော အသိပေးအကြောင်းကြားစာမှတစ်ဆင့် ယုံကြည်ခြင်းဖြင့် အမွေဆက်ခံနိုင်ခွင့် ရရှိပါသည်။

***ဂလာတိ ၃ း ၈ ဘုရားခင်သည် ယုံကြည်ခြင်းကိုထောက်၍ တစ်ပါးအမျိုးသားတို့ကို ဖြောင့်မတ်ရာ၌ တည်စေတော်မူမည်ဟု ကျမ်းစာသည် မျှော်မြင်လျက် . . . . .*** သခင်ယေရှုသည် ***ဘုရားသခင်၏ လူမျိုးတော်***အတွက် ကြွလာသော်လည်း ဘုရားသခင်၏လူမျိုးတော်တို့သည် ကိုယ်တော်ကို လက်မခံပါ။ သို့သော်လည်း သခင်ယေရှုသည် တိုင်းနိုင်ငံအားလုံး၏ ကယ်တင်ရှင်နှင့်တိုင်းနိုင်ငံအားလုံးကို လင်းစေသောအလင်း ဖြစ်ပါသည်။ ကျွန်တော်တို့သည်လည်း ယုဒလူမျိုးများကဲ့သို့ ကယ်တင်ခြင်းလမ်း တူညီလျက်ရှိပါသည်။ အလုပ်(အကျင့်)အားဖြင့်မဟုတ် ပညတ်တရားအားဖြင့် မဟုတ်ပါ။ သို့သော် သခင်ခရစ်တော်အားဖြင့် ဘုရားသခင်၏ကျေးဇူး ဂရုဏာတော်ကို ယုံကြည်ခြင်းဖြင့် ရယူနိုင်ပါသည်။

***ဂလာတိ ၃ း ၂၂ ယခုမူကား၊ ယုံကြည်သောသူတို့သည် ယေရှုခရစ်ကို ယုံကြည်ခြင်းနှင့်စပ်ဆိုင်သော ကတိတော်ကို ရမည်အကြောင်း ကျမ်းစာသည် လူအပေါင်းတို့ကိုအပြစ်၌ ချုပ်ထား၏။ . . . . . (၂၆) . . . . . သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏ သားဖြစ်ကြ၏။*** အသင်းတော်သည် မှန်ကန်သော ဖြောင့်မတ်ခြင်း တရားတော်ဆီသို့ ပြန်လည်ရောက်ရှိစေရန် ***ဂလာတိသြဝါဒနှင့်ရောမသြဝါဒ စာစောင်***တို့သည် မည်မျှအရေးကြီးကြောင်းကို လွယ်ကူစွာဖြင့် သိရှိနိုင်ပါသည်။ ဘုရားသခင်ရှေ့တော်မှောက်တွင် ကျွန်တော်သည်မှန်ကန်သောသူ ဖြောင့်မတ်သောသူ ဖြစ်လာရခြင်းမှာ သခင်ခရစ်တော်ကို ယုံကြည်ခြင်းဖြင့် ကိုယ်တော်၏ဖြောင့်မတ်မှန်ကန်ခြင်းတည်းဟူသော ခြုံလွှာကို ကျွန်တော်ပေါ်သို့ လွှမ်းခြုံခြင်းကြောင့် ရရှိပါသည်။

***ဂလာတိ ၂ း ၁၆ . . . . . ပညတ်တရား၏ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့မရောက်၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှာ၊ ငါတို့ပင် ယေရှုခရစ်ကို ယုံကြည်ကြပြီး . . . .***

***. (၂၀). . . . . . ငါတို့သည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ၊ သို့သော်လည်း အသက်ရှင်သေး၏၊ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင် ခရစ်တော်သည် ငါ၌ရှင်တော်မူ၏၊ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်းအားဖြင့် တည်၏၊*** ဤယုံကြည်ခြင်းသည် ကျွန်တော်ထံတွင် အသက်ရှင်ပြီး သခင်ခရစ်တော်သည် ကျွန်တော်ကိုအုပ်စိုးလျှက် ရှိနေပါသည်။ ကိုယ်တော်၏ဝိညာဉ်တော်သည် ကျွန်တော်၏ဝိညာဉ်နှင့်အတူတကွ အလိုတော်များကို လုပ်ဆောင်လျှက်ရှိနေပါသည်။ ကျွန်တော်သည် လက်ဝါးကပ်တိုင်အားဖြင့် ကယ်တင်ခြင်းရရှိခဲ့ပါသည်။ သခင်ခရစ်တော်သည် ကျွန်တော် ***ကိုယ့်စား*** လက်ဝါးကပ်တိုင်တွင် စတေးခံရသည်ကို သိမြင့်သည်နှင့် ကျွန်တော်သည်လည်း သခင်ခရစ်တော်နှင့်အတူ စတေးခံရသည်ဟု ခံယူလျှက်ရှိပါသည်။ ဤအရာအားလုံးတို့သည် သခင်ခရစ်တော်ပေါ်၌ တည်လျှက်ရှိနေခြင်းမှာ ယုံကြည်ခြင်း၏ အကြောင်းရင်းသည် သခင်ခရစ်တော်ပင်ဖြစ်ပါသည်။

***ရောမ ၄ း ၃ အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏၊*** ကျွန်တော်တို့အာဗြဟံ၏ဖြစ်စဉ်တွင် ဘုရားသခင်သည် ဓမ္မဟောင်းကာလ က ဆောင်ရွက်သကဲ့သို့ ယခုလည်း ထိုသို့ပင်ဆောင်ရွက်လျှက်ရှိနေသည်ကို ဥပမာအဖြစ် တွေ့မြင်နိုင်ပါသည်။

***ရောမ ၈ း ၃၀ ထိုသို့ ခွဲခန့်မှတ်သားနှင့်သော သူတို့ကို ခေါ်တော်မူ၏၊ ခေါ်တော်မူသော သူတို့ကိုလည်း ဖြောင့်မတ်ရာ၌ တည်စေတော်မူ၏၊ ထိုသို့တည်စေတော်မူသော သူတို့ကိုလည်း ချီးမြှောက်တော်မူ၏၊ လက်ဝါးကပ်တိုင်တွင် စတေးခံရသောသူ၏*** ဖြောင့်မတ်ခြင်းတရားကို ရရှိစေရန် ဘုရားသခင်သည် အချိန်မှီ ယုံကြည်ခြင်း မျိုးစေ့ကို ပျိုးထောင်ပေးပါသည်။

***ရောမ ၃ း ၃၀ . . . . . ဘုရားသခင် တစ်ဆူတည်း ရှိတော်မူ၏၊*** ယုံကြည်ခြင်းဖြင့် အရေဖျားလှီးသူများနှင့် အရေဖျားမလှီးပဲ ယုံကြည်သူများကို ဘုရားသခင်သည် ဖြောင့်မတ်စေပါသည်။ ကယ်တင်ခြင်းရရှိနိုင်ရန် လမ်းတလမ်းသာ ရှိပါသည်။ ယုံကြည်ခြင်းလမ်းသာ ဖြစ်ပါသည်။

***ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ရောက်သည့်အကြောင်း သင်နှစ်သက်သောကျမ်းပိုဒ်များ ရှိပါသလား။*** ရွာတစ်ရွာရှိ အလွန်ကြီးမားသော သရက်ပင်တစ်ပင်ရှိပြီး ရွာရှိကလေးများ လုံလောက်စွာစားနိုင်သော အသီးများလည်း သီးလျှက်ရှိပါသည်။ ကလေးငယ်တစ်ဦးသည် သရက်ပင်ကို မော့ကြည့်သောအခါ မှည့်နေသောသရက်သီးများစွာကို တွေ့သော် ခူးယူရန်မမှီပဲ ဖြစ်နေပါသည်။ ထို့စဉ် လူတစ်ဦးရောက်လာပြီး ခလေးကိုပုခုံးပေါ်တင်လိုက်သောအခါ ယင်းအရာသာရှိသော သရက်သီးမှည့်ကို ကလေးသည် လွယ်ကူစွာ ခူးယူစားလိုက်ပါသည်။ ကျွန်တော်တို့သည်လည်း ယင်းကလေးကဲ့သို့ ပေါများစွာရှိနေသော ကယ်တင်ခြင်းကို လက်လှမ်းမမှီကြပါ။ ဘုရားသခင်ကိုယ်တိုင်ရောက်လာပြီး ကျွန်တော်တို့ကို ယုံကြည်ခြင်းပေးသောအခါတွင် ကျွတ်တော်တို့လက်ဖြင့် ရယူပိုင်ဆိုင်နိုင်ခွင့်ရှိနေပြီး ဖြစ်ပါသည်။

***ရည်ရွယ်ရင်း ဖြောင့်မတ်ခြင်းတရားနှင့် ကိုယ်သာပမနေကျသော ဖြောင့်မတ်ခြင်းကို ယှဉ်တွဲလေ့လာခြင်း ကျမ်းချက်များ -***

ဤအချက်နှင့်ပတ်သတ်၍ ဓမ္မဟောင်းကျမ်း ဒံယေလ ၉ း ၂၄ တွင် တွေ့နိုင်ပါသည်။

***ရောမ ၃ း ၂၆ . . . . . ယေရှုခရစ်၏ အသွေးတော်ကို ယုံကြည်ခြင်းအားဖြင့် ထိုခရစ်တော်ကို အပြစ်ဖြေစရာ အကြောင်းဖြစ်စေခြင်းငှာ ခန့်ထားတော်မူပြီ၊*** အပြစ်ဖြေစရာဆိုသည်မှာ ဘုရားသခင်၏ အမျက်တော်ပြေစရာ လုပ်ဆောင်ရသော ယဇ်ပူဇော်ခြင်းဖြစ်ပါသည်။ အကျိုးကျေးဇူးမှာ ယုံကြည်ခြင်း မျက်စိဖြင့် ဘုရားသခင်ကို ရှုမြင်ရခြင်း

ဖြစ်ပါသည်။

***၁ယော ၂ : ၂ ထိုသခင်သည် ငါတို့၏အပြစ်မက လောကီသားအပေါင်းတို့၏ အပြစ်ဖြေစရာအကြောင်း ဖြစ်တော်မူ၏။*** ဘုရားသခင်သည် မေတ္တာတော်ရှင်ဖြစ်ပါသည်။ ကျွန်တော်တို့၏ ခေတ်အဆက်ဆက် မျိုးရိုးအဆက်ဆက်တိုင်းတွင် အလုံးစုံသော ဂရုဏာတော်နှင့်ပြည့်စုံသော ချစ်ခြင်းမေတ္တာရှင် ဖြစ်တော်မူပါသည်။ ယုံကြည်စိတ်ချပါ။

***၂ကော ၅ : ၁၉-၂၁ ထိုတရားဟူမူကား၊ ဘုရားသခင်သည် ခရစ်တော်အထဲ၌ရှိနေလျှက်၊ လောကီသားတို့၏ အပြစ်များကို မှတ်တော်မမူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်မိဿဟာယ ဖွဲ့စေတော်မူ၏ . . . . . ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည် အကြောင်းတည်း။*** ဤနေရာတွင် ဖြောင့်မတ်ခြင်းတရားဟူသော စကားလုံးအစား အခြားစကားလုံးကို တွေ့ရှိရပါသည်။ သို့သော် အဓိပ္ပါယ်မှာ အတူတူပင်ဖြစ်ပါသည်။ ကျွန်တော်တို့ မည်သည့်စကားလုံးပင် သုံးသည်ဖြစ်စေ ဤသတင်းစကားသည် ကျွန်တော်တို့အတွက် ဝမ်းမြောက်စရာပင် ဖြစ်ပါသည်။

***ယောဟန် ၃ : ၁၆ ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။*** ကျွန်တော်တို့သင်ကြားခဲ့သော သွန်သင်ချက်များထဲတွင် အထက်ပါ ကျမ်းချက်လည်း ထင်ရှားလှသော ကျမ်းပိုဒ်ဖြစ်ပါသည်။

အစအဦး ပထမနေ့၌ ဘုရားသခင်သည် အလင်းကိုဖန်ဆင်းခဲ့ပါသည်။ ယင်းမတိုင်မှီ အလင်းပေးသော အရာမရှိခဲ့ပါ။ တဖန် စတုတ္ထနေ့တွင် ဘုရားသခင်သည် နေနှင့်လကို ဖန်ဆင်းခဲ့ပါသည်။ ယင်းကြောင့် နေ့ဖက်နှင့်ညဖက်တွင် အလင်းကို ရရှိခဲ့ပါသည်။ ဖြောင့်မတ်ခြင်းတရားသည်လည်း ယင်းကဲ့သို့ပင် ဖြစ်ပါသည်။ ဘုရားသခင်သည် သားတော်ကို လောကသို့ သေခံစေခြင်းဖြင့် ကယ်တင်ခြင်းကို ရယူစေခဲ့ပြီး တစ်လောကလုံးကို အလင်းသဖွယ် လင်းစေခဲ့ပါသည်။

***အပြစ်ဒုစရိုက်ပေါကြွယ်ဝနေသည့်နေရာတွင် ကျေးဇူးတော်ကိုသာ၍ ပိုမိုကြွယ်ဝစေခဲ့ပါသည်။*** ယခုကျွန်တော်တို့တွင် နေနှင့်လဟူသော အလင်းပေးသော အရာနှစ်ခုရှိပါသည်။ ထို့အတူပင် ယုံကြည်ခြင်းဟူသောအရာဖြင့် ကယ်တင်ခြင်း ရရှိနေပါသည်။ ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်း ရရှိနေပါသည်။

နိဂုံး - ဤသင်ခန်းစာအချက်များနှင့် ပတ်သတ်ပြီး သင်တို့သည်လည်း အခြားသိရှိသောကျမ်းချက်များ ရှိနိုင်ပါသည်။ ကိုယ်တော်သည် ကျွန်တော်တို့အတွက် အလုံးစုံပင် ဖြစ်ပါသည်။ ကိုယ်တော်၌ ကျွန်တော်အသက်ရှင်ပါသည်။ သွားလာပါသည်။ ကိုယ်တော်သည် ကျွန်တော်၏ ဘုရားသခင်ဖြစ်ပါသည်။ ဤသမ္မာကျမ်းစာသင်ခန်းစာကို နှုတ်ကပတ်တော်မှ ရှင်းလင်းစွာ ဖော်ပြပေးထားပါသည်။ အဘယ်ကြောင့်ဆိုသော် ဖြောင့်မတ်ခြင်းတရားသည် ယခုဘဝ နောင်ဘဝတွင် အသက်နှင့် စပ်ဆိုင်သော ကြွယ်ဝသည့် ကောင်းကျိုးချမ်းသာကို ခံစားနိုင်စေသောကြောင့် ဖြစ်ပါသည်။ ***ထိုသခင်သည် ကျွန်တော်တို့၏ ဖြောင့်မတ်ခြင်းဖြစ်သကဲ့သို့ အရာခပ်သိမ်းလည်း ဖြစ်တော်မူပါသည်။ ၁ ကော ၁ : ၃၀*** ကိုယ်တော်သာလျှင် ချီးမြှောက်ခြင်းဂုဏ်တော်ကို ခံထိုက်သော သူဖြစ်ပါသည်။

ဘုရားသခင်၏ကျေးဇူးတော် ဂရုဏာတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့နှင့်အတူ ရှိပါစေသော် . . . . .။

၂၁-၁-၂၀၀၅

ရန်ကုန်မြို့။

မြန်မာပြည်။